မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS &YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# အဌမအကြိမ်မြောက်ညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၏ အဌမကြိမ်မြောက်ညီလာခံကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ(၂၀) ရက်မှ (၂၂)ရက်ထိ (၃)ရက်တာ ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ ကွန်ဂရက်အဖွဲ့ဝင် အဖွဲ့အစည်း(၁၁)ဖွဲ့မှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူအပါအဝင် စုစုပေါင်း(၃၉)ဦး တက်ရောက်ခဲ့ကြပါသည်။

၂။ ဤညီလာခံတွင် စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ တိုင်းရင်းသား လူမျိုးပေါင်းစုံ ကျောင်းသားလူငယ်အင်အားစုများအကြား နားလည်မှု၊ ယုံကြည်မှုနှင့်သွေးစည်းညီညွတ်မှုရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည့် ဦးတည်ချက်(၃)ရပ်အပါအဝင် ရည်ရွယ်ချက်(၅)ရပ်နှင့် မဟာဗျူဟာလုပ်ငန်းစဉ်(၆)ရပ်တို့ကို သဘောတူ ချမှတ်နိုင်ခဲ့သည်။

၃။ ညီလာခံအတွင်း နိုင်ငံရေးအခြေအနေ သုံးသပ်ရာတွင် လက်ရှိမြန်မာ့နိုင်ငံရေးအပြောင်းအလဲသည် အာဏာရပါတီ၊ လွှတ်တော်၊ အစိုးရနှင့် စစ်တပ်တို့အကြား ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးအာဏာ၊ စီးပွားရေးလုပ်ပိုင်ခွင့် ဆုံးဖြတ်လုပ်ဆောင်ချက်များတွင် မတူညီသည့်တာဝန်များ ခွဲဝေကျင့်သုံးနေကြခြင်းဖြစ်သည်။ လက်ရှိသမ္မတ ဦးသိန်းစိန်အစိုးရသက်တမ်းအတွင်း ဆောင်ရွက်ချက်များသည် ယခင် စစ်အစိုးရ၏ လမ်းပြမြေပုံ(၇)ဆင့်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းသာဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီဘဝမှ ဖွဲ့စည်းပုံအခြေခံ စစ်တပ်ကျောထောက်နောက်ခံပြုအစိုးရအဖြစ် ပြောင်းလဲခဲ့ခြင်းသာဖြစ်သည်ဟု မိမိတို့က ရှုမြင်သည်။

၄။ ယနေ့ကာလတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလှုပ်ရှားမှုများ၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်များ၏အခြေခံအခွင့်အရေး ရပိုင်ခွင့်လှုပ်ရှားမှုများ၊ ခိုင်မာသော အပစ်ခတ်ရပ်စဲရေးနှင့် နိုင်ငံရေးဆွေးနွေးပွဲ ဆိုင်ရာလှုပ်ရှားမှုများ၊ ပြည်တွင်းငြိမ်းချမ်းမှုဖော်ဆောင်ရေးလှုပ်ရှားမှုများကို အခြေပြုစုစည်း၍ နိုင်ငံရေးအရ ဦးဆောင် ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း အတူတကွ ရှာဖွေဖော်ထုတ်ရန် လိုအပ်နေပေသည်။ ထို့အတူ သက်ဆိုင်ရာ အင်အားစုများ အားလုံးပါဝင်သည့် အနှစ်သာရရှိသော နိုင်ငံရေးဆွေးနွေးပွဲတရပ်ကိုကျင်းပ၍ အနာဂတ် ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ဘုံသဘောတူညီချက်တရပ် ချမှတ်နိုင်မှသာလျှင် အားလုံးရင်ဆိုင်နေရသည့် နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။

၅။ ဤညီလာခံမှ ချမှတ်သည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘာပတိအဖွဲ့ဝင်(၁၁ ဦးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်(၅)ဦးကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။

အတွင်းရေးမှူးအဖွဲ့ဝင်(၅) ဦးမှာ -

၁။ စောဂျက်ပစီ — အထွေထွေအတွင်းရေးမှူး
၂။ လိုည်းမိုးလှိုင် — တွဲဖက်အထွေထွေအတွင်းရေးမှူး
၃။ ကိုကျော်မင်းထိုက် — အတွင်းရေးမှူးအဖွဲ့ဝင်
၄။ ရှရီအနန် — အတွင်းရေးမှူးအဖွဲ့ဝင်
၅။ မညီညီလွင် — အတွင်းရေးမှူးအဖွဲ့ဝင် တို့ ဖြစ်ပါသည်။

**"ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး"**

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်။


ဆက်သွယ်ရန် -

၁။ မိမရမူ (သဘာပတိအဖွဲ့ဝင်) +၆၆ (၀)၈၇ ၀၄၂ ၇၁၆၃ (ထိုင်း)၊ +၉၅ (၀)၉၃ ၁၄၀ ၇၈၅၀ (မြန်မာ)
၂။ စောဂျက်ပစီ (အထွေထွေအတွင်းရေးမှူး) +၆၆ (၀)၈၁ ၀၄၂ ၈၃၉၈ (ထိုင်း)၊ +၉၅ (၀)၉၃ ၁၆၆ ၅၃၅၃ (မြန်မာ)